# D 2020 012

**အမှုဆောင်အမိန့်**

**COVID-19 ကြောင့် ထိခိုက်နစ်နာခဲ့ရသော ကော်လိုရာဒို ဒေသခံများအတွက် အလုပ်လက်မဲ့ အာမခံ လျှော်ကြေးထားမှုကို အရှိန်မြှင့်တင်ရန်နှင့် ချိတ်ပိတ်ခြင်း၊ နှင်ထုတ်ခြင်းနှင့် အများပြည်သူသုံး အဆောက်အဦးများကို အဆက်အသွယ် ဖြတ်တောက်ခြင်းဆိုင်ရာ အမိန့်ကြေငြာလွှာ**

ကော်လိုရာဒိုပြည်နယ် အုပ်ချုပ်ရေးမှူးရုံးနှင့် အထူးသဖြင့် ကော်လိုရာဒို ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၊ အပိုဒ် ၂ နှင့် ကော်လိုရာဒို သဘာဝဘေးအန္တရာယ် အရေးပေါ် အက်ဥပဒေ C.R.S. C.R.S. § 24-33.5-701, *et seq.* ၏ အပ်နှင်း ထားသော အခွင့်အာဏာနှင့်အညီ ကော်လိုရာဒိုပြည်နယ် အုပ်ချုပ်ရေးမှူး Jared Polis သည် ယခုအမှုဆောင်အမိန့်ကို ချိတ်ပိတ်ခြင်း၊ နှင်ထုတ်ခြင်းနှင့် အများပြည်သူသုံး အဆောက်အဦးများကို အဆက်အသွယ် ဖြတ်တောက်ရန် နှင့် ကော်လိုရာဒိုတွင် ကိုရိုနာ ဗိုင်းရပ်စ် ရောဂါ ၂၀၁၉ (COVID-19) ရှိနေခြင်းကြောင့် လက်ရှိစီးပွားရေး အနှောင့်အယှက် ဖြစ်ခြင်းမှ လျှော့ပါး သက်သာစေရန်၊ ပြန်လည်တုံ့ပြန်ရန်နှင့် ပြန်လည်ထူထောင်ရန် အတွက် အလုပ်လက်မဲ့ အာမခံတောင်းခံမှု လုပ်ငန်းစဉ်ကို တိုးတက်မြန်ဆန်စေရန် အမှုဆောင် အမိန့်ကို ထုတ်ပြန် ကြေငြာလိုက်သည်။

## I. နောက်ခံနှင့် ရည်ရွယ်ချက်

2020 ခုနှစ်၊ မတ်လ 5 ရက်နေ့တွင် ကော်လိုရာဒို ပြည်သူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဌာန (CDPHE) ပြည်သူ့ ကျန်းမာရေးဓာတ်ခွဲခန်းသည် ကော်လိုရာဒိုတွင် ပထမဆုံးသော COVID-19 စစ်ဆေးမှုရလဒ်ကို အတည်ပြုခဲ့သည်။ ထိုအချိန်မှ စတင်ပြီး ရောဂါဖြစ်ပွားမှု အရေအတွက်သည် ဆက်လက်မြင့်တက်လာခဲ့ပြီး ပြည်နယ်တစ်ဝှမ်း ပျံ့နှံ့သွားကြောင်း အထောက်အထားများ ရှိသည်။ 2020 ခုနှစ်၊ မတ်လ 10 ရက်နေ့တွင် အရေးပေါ်အခြေအနေ ကြေငြာချက်ကို နှုတ်ဖြင့် ကြေငြာခဲ့ပြီး 2020 ခုနှစ်၊ မတ်လ 11 ရက်နေ့တွင် သက်ဆိုင်ရာ အလုပ်အမှုဆောင် ညွှန်ကြားချက် D 2020 003 ထုတ်ပြန်ခဲ့ပါသည်။

ကျွန်ုပ်၏အုပ်ချုပ်ရေးရုံးသည် အခြားပြည်နယ်၊ ဒေသန္တရနှင့် ဖယ်ဒရယ်အာဏာပိုင်များနှင့်အတူ ကူးစက်ရောဂါ ဖြစ်ပွားမှု၏ ဆိုးကျိုးများကို လျှော့ပါးစေရန်၊ ထပ်မံပျံ့နှံ့မှုကို တားဆီးရန်နှင့် ကျွန်ုပ်တို့၏ ကျန်းမာရေးစောင့်ရှောက်မှု အရင်းအမြစ်များကို မနိုင်ဝန် ဖြစ်ခြင်းမှ ကာကွယ်ရန် ကျယ်ပြန့်သော လုပ်ဆောင်မှုများကို ပြုလုပ်ခဲ့သည်။

COVID-19 ၏ စီးပွားရေးအပေါ် သက်ရောက်မှုမှာ သိသာထင်ရှားပြီး၊ ကော်လိုရာဒို ဒေသခံများနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများစွာ၏ စီးပွားရေးတည်ငြိမ်မှု ယုတ်လျော့စေရန် ခြိမ်းခြောက်နိုင်သည်။ COVID-19 ၏ ပိုးမွှားကူးစက်မှု အန္တရာယ်ကြောင့် စီးပွားရေးလုပ်ငန်းများစွာကို ပိတ်ပစ်ရန် လိုအပ်သည်။ စီးပွားရေးကဏ္ဍ အားလုံးနီးပါးမှ အလုပ်ရှင်များနှင့် ဝန်ထမ်းများမှာ ပြင်းထန်စွာ ထိခိုက်နစ်နာခဲ့ရသည်။ ကျွန်ုပ်တို့သည် စီးပွားရေးလုံခြုံမှု၊ အလုပ်အကိုင်၊ ရပ်ရွာလူထု စည်းလုံးညီညွတ်မှုနှင့် လူမှုအသိုင်းအဝိုင်း ပြန်လည်ထူထောင်ရေးကို မြှင့်တင်ရန် လုပ်ဆောင်ရမည်။

ယခု အမှုဆောင် အမိန့်ဖြင့် ကျွန်ုပ်သည် COVID-19 ကြောင့် ထိခိုက်နစ်နာခဲ့ရသော အလုပ်လက်မဲ့ **ကော်လိုရာဒို** ဒေသခံများအတွက် အထောက်အပံ့များ ပေးအပ်ရန်နှင့် ချိတ်ပိတ်ခြင်း၊ နှင်ထုတ်ခြင်းနှင့် အများပြည်သူသုံး အဆောက်အဦးများကို ယာယီ အဆက်အသွယ် ဖြတ်တောက်လိုက်သည်။ COVID-19 ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသော လက်ရှိစီးပွားရေး ပြဿနာများ လျှော့ပါးသက်သာရေး၊ ပြန်လည် တုန့်ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ တိုးတက်မြန်ဆန်စေရန် နိုင်ငံတော်၏ အရင်းအမြစ်များကို စည်းရုံး သိမ်းသွင်းလျက်ရှိသည်။ ဤအမှုဆောင်အမိန့်သည် လာမည့် အပတ်များနှင့် လများအတွင်း ကော်လိုရာဒို၏ လူမှုအသိုင်းအဝိုင်းများနှင့် စီးပွားရေးများ၏ အခြေအနေကို ကာကွယ်ရန်ကူညီလိမ့်မည်။

## II. ချိတ်ပိတ်ခြင်းနှင့် နှင်ထုတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်များ

A. ကျွန်ုပ်သည် 2020 ခုနှစ်၊ ဧပြီလ 30ရက်နေ့အထိ အိမ်ငှားများ သို့မဟုတ်မိုဘိုင်းအိမ်ပိုင်ရှင်များမှ အိမ်ငှားခ ပေးချေမှု မရှိခြင်း သို့မဟုတ် နှောင့်နှေးခြင်းတို့ကြောင့် တရားဥပဒေနှင့် အညီ နှင်ထုတ်ခြင်း လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်းမှ ရှောင်ကြဉ်ရန် ဒေသန္တရရေးရာ ဝန်ကြီးဌာန(DOLA)၊ အလုပ်သမားနှင့် အလုပ်အကိုင် ဦးစီးဌာန (CDLE)နှင့် စည်းမျဉ်းဥပဒေ အေဂျင်စီများဌာန (DORA) တို့၏အလုပ် အမှုဆောင် ဒါရိုက်တာများကို အိမ်ခြံမြေ ပိုင်ရှင်များနှင့်အတူ ပူးပေါင်း လုပ်ဆောင်ရန် ညွှန်ကြားခဲ့ပါသည်။ အမှုဆောင်ဒါရိုက်တာများသည် အိမ်ငှားများနှင့် မိုဘိုင်းအိမ်ပိုင်ရှင်များအား 2020 ခုနှစ်၊ ဧပြီလ 30ရက်နေ့အထိ အိမ်ငှားခ ပေးချေရန် နောက်ကျခြင်း သို့မဟုတ် ပေးချမှု မရှိခြင်းအပေါ် ဒဏ်ငွေရိုက်ခြင်းမပြုလုပ်ရန် လုပ်ဆောင်သွားပါမည်။

B. COVID-19 ကူးစက်ပျံ့နှံ့မှုကို တုံ့ပြန်သည့်အနေဖြင့် ပြည်နယ်နှင့် ဒေသဆိုင်ရာ အေဂျင်စီများ၏ အရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ဦးစားပေးဆောင်ရွက်ရန်၊ ဥပဒေ စိုးမိုးရေးအရာရှိများမှ အရေးပါသော လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရန် အလို့ငှာ  ပြည်သူ့လုံခြုံမှု ဦးစီးဌာန (DPS) ၏အမှုဆောင်ဒါရိုက်တာအား ရဲအရာရှိများ၊ မြို့တော်ဝန်များနှင့် အခြားဒေသခံ ခေါင်းဆောင်များ အားလုံးနှင့်အတူ 2020 ခုနှစ်၊ ဧပြီလ 30ရက်နေ့အထိ ၎င်းတို့၏ ဥပဒေစိုးမိုးရေး အေဂျင်စီများ နှင့်အတူ ပြည်သူ့ကျန်းမာရေးနှင့် ဘေးကင်းရေးကို ကာကွယ်ရန် လိုအပ်ပါက ပြည်နယ် အတွင်းရှိနေအိမ်မှ နှင်ထုတ်ခြင်းကိုရပ်ဆိုင်းရာတွင် အလားတူတရားဝင် လုပ်ဆောင်ချက်များအတွက် ပူးပေါင်း ဆောင်ရွက်ရန် ကျွန်ုပ်ညွှန်ကြားသည်။

C. COVID-19 နှင့် ဆက်စပ်သော စီးပွားရေးပြဿနာများကြောင့် ဘဏ္ဍာရေး အခက်အခဲများ ကြုံတွေ့နေရသော၊  ဝင်ငွေနည်း အိမ်ထောင်စုများအား ကာလတိုငှားရမ်းမှုနှင့် အပေါင်ခံ အထောက်အပံ့များ ပေးရန်နှင့် စဉ်ဆက်မပြတ် အလုပ်လုပ်ခဲ့ကြောင်း အလုပ်အကိုင်သမိုင်း ရှိသူများသည် CDPHE ၏လက်ရှိ သို့မဟုတ် အနာဂတ် COVID-19 ပြည်သူ့ကျန်းမာရေးနှင့် ဆက်နွယ်ပြီး အလုပ်လက်မဲ့ ဖြစ်ခဲ့သူများအတွက် ဦးစားပေး ကူညီရန် ဘေးအန္တရာယ်အရေးပေါ် အခြေအနေ ရန်ပုံငွေမှ ဒေါ်လာသုံးသန်း (ဒေါ်လာ 3,000,000) ကို DOLA သို့ လွှဲပြောင်းပေးရန် ညွှန်ကြားခဲ့သည်။ ဤရန်ပုံငွေများကို ဤအလုပ်အမှုဆောင် အမိန့်ထုတ်ပြန်သည့် နေ့မှစ၍ ခြောက်(6) လအထိ ရရှိနိုင်ဖြစ်ပြီး အသုံးမပြုရသေးသော ရန်ပုံငွေများကို သဘာဝ ဘေးအန္တရာယ် အရေးပေါ် ရန်ပုံငွေတွင် ဆက်လက်ရှိနေမည်။ ဖက်ဒရယ်အစိုးရမှ ပြန်လည် ပေးအပ်သောငွေများကို သဘာဝဘေးအန္တရာယ် အရေးပေါ် ရန်ပုံငွေသို့ပြန်လည်ပေးအပ်မည်။ ယာယီ ငှားရမ်းခြင်းနှင့် အပေါင်ခံအထောက်အပံ့များ ဖြန့်ဝေခြင်းကို အကောင်အထည် ဖော်ရန်အတွက် အမြတ်အစွန်း မဟုတ်သော ဒေသဆိုင်ရာအစိုးရ မိတ်ဖက်များ အပါအဝင် ပြည်နယ် တစ်ဝှမ်းရှိ မိတ်ဖက်များနှင့်အတူ လုပ်ကိုင်ရန် DOLA အား ထပ်မံ၍ ကျွန်ုပ်ညွှန်ကြားသည်။ ဤညွှန်ကြားချက်ကို အကောင်အထည် ဖော်ရာတွင် DOLA သည် တစ်ဦးချင်း အကျိုးခံစားခွင့်များ တစ်ကြိမ်ထပ်ပိုပြီး လက်ခံရရှိခြင်း မရှိစေရန် တာဝန်ယူလုပ်ဆောင်ရမည်။

D. ကျွန်ုပ်သည် DOLA အား COVID-19 ဖြစ်ပွားမှုကြောင့်ဘဏ္ဍာရေးအခက်အခဲများနှင့် ရင်ဆိုင်နေရသူများ၏ လိုအပ်ချက်ကို အကဲဖြတ်ရန်အတွက် အိမ်ခြံမြေများ သို့မဟုတ်  အိမ်ခန်းများ အငှားချပေးလျက်ရှိသော မိသားစု အိမ်ရာများနှင့် ရွှေ့လျားနိုင်သော အိမ်ပိုင်ရှင်များနှင့် အတူလုပ်ကိုင်ရန် ညွှန်ကြားခဲ့သည်။ ထို့အပြင် ကော်လိုရာဒို ဒေသခံများ၏ နေရာထိုင်ခင်း လိုအပ်ချက်များကို ထိန်းသိမ်းရန်အတွက် ဖယ်ဒရယ်၊ ပုဂ္ဂလိကနှင့် ပရဟိတ ရန်ပုံငွေ အရင်းအမြစ်များ အပါအဝင် ငှားရမ်းခ ဆုံးရှုံးမှုကို ထောက်ပံ့ရန် ဖြစ်နိုင်သည့် နည်းလမ်းများကို အကဲဖြတ်ရန် DOLA အားညွှန်ကြားခဲ့ပါသည်။ဤညွှန်ကြားချက်ကို အကောင်အထည် ဖော်ရာတွင် DOLA သည် တစ်ဦးချင်း အကျိုးခံစားခွင့်များ တစ်ကြိမ်ထပ်ပိုပြီး လက်ခံရရှိခြင်း မရှိစေရန် တာဝန်ယူလုပ်ဆောင်ရမည်။

E. ယာယီငှားရမ်းခြင်းနှင့် အပေါင်ခံအကူအညီဖြန့်ဝေခြင်းအတွက် လမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များကို ဖန်တီးရေးဆွဲရန်နှင့် ဒေတာမျှဝေရန် DOLA နှင့် CDLE ကို ကျွန်ုပ်ညွှန်ကြားခဲ့သည်။

F. လူနေအိမ်များနှင့် စီးပွားဖြစ် အဆောက်အဦးများ ချိတ်ပိတ်ခံရခြင်း၊ အသေးစား စီးပွားရေး လုပ်ငန်းများနှင့် ပုဂ္ဂိုလ်ရေးရာ ပြောင်းရွှေ့မှုရန် ခြိမ်းခြောက်မှုများ ရင်ဆိုင်နေရခြင်းများကို တိုက်ဖျက်ရန် လုပ်ငန်းစဉ် များနှင့် မူဝါဒများကို ချမှတ်ရန် ပြည်နယ်တွင်း ဘဏ္ဍာရေး အာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန် ဘဏ္ဍာရေး ဝန်ဆောင်မှု ဌာနများမှ တစ်ဆင့် DORA ကို ညွှန်ကြားခဲ့သည်။ COVID-19 ကူးစက်မှု၏ဆိုးကျိုးများအဖြစ် အိမ်ထောင်စုနှင့် စီးပွားရေးဝင်ငွေများ သိသိသာသာ ကျဆင်းခြင်းကြောင့် အိမ်ရာနှင့် စီးပွားရေးပေါင်နှံမှုများ ဖြစ်သည့် လူနေအိမ် သို့မဟုတ် စီးပွားဖြစ် ပေါင်နှံမှုများ ချိတ်ပိတ်ခံရခြင်းနှင့် ၎င်းနှင့် ဆက်စပ်သော နှင်ထုတ်ခြင်းတို့ကို ဆိုင်းငံ့ပေးထားသော ဘဏ်များ၊ ချေးငွေ သမဂ္ဂများနှင့် အခြားသော ဘဏ္ဍာရေးအဖွဲ့အစည်းများအား အားပေးကူညီရန် DORA ကို ကျွန်ုပ် ညွှန်ကြားခဲ့သည်။ ထို့အပြင် COVID-19 ကြောင့် ထိခိုက်နစ်နာခံရသည့် အသေးစား စီးပွားရေး ချေးငွေများ၊ လူနေအိမ်ရာနှင့် စီးပွားရေးလုပ်ငန်း ပေါင်နှံမှုများ၊ ဘဏ္ဍာရေး ပြန်လည်ပြင်ဆင်ခြင်းများ၊ မော်တော်ကား ချေးငွေများ၊ ကျောင်းသား ချေးငွေများအပါအဝင် စားသုံးသူ ချေးငွေများအားလုံးအတွက် ရက်ကိုးဆယ် (၉၀) ရွှေ့ဆိုင်းပေးဖို့ ဘဏ္ဍာရေး အဖွဲ့အစည်းများကို အားပေးနှစ်သိမ့်ရန် DORA ကိုညွှန်ကြားခဲ့ပါသည်။

G. ကောင်တီစာရေးနှင့် မှတ်တမ်းတင်သူအားလုံးသည် လူနေအိမ်သို့မဟုတ် စီးပွားရေးလုပ်ငန်းအတွက် ဘဏ္ဍာရေး ပြန်လည်ပြုပြင်မွမ်းမံမှုဖြစ်စဉ်များ၏ လုပ်ရပ်များနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများကို မှတ်တမ်းတင်ခြင်းအားဖြင့် အိမ်ခြံမြေအကျိုးစီးပွားအတွက် စစ်မှန်သောအကျိုးစီးပွားများရရှိရန် ရှာဖွေလျက် ရှိသော ဘဏ္ဍာရေး အဖွဲ့အစည်းများအား အတတ်နိုင်ဆုံး ဆက်လက် ဝင်ရောက် ထောက်ပံ့သွားရန် ကျွန်ုပ်အနေဖြင့် ညွှန်ကြားထားသည်။

H. ကော်လိုရာဒို ပြည်နယ်၏ ပြည်သူ့ ယုံကြည်အပ်နှံမှုဌာနကို အောက်ဖော်ပြပါ ချိတ်ပိတ်ခြင်းနှင့် သက်ဆိုင်သည့် ကော်လိုရာဒို ပြန်လည် ပြင်ဆင်ထားသော အမိန့်များ ပုဒ်မ 38 အပိုဒ် 38၏ ပြဋ္ဌာန်းချက်များကို ရက်ပေါင်း (၃၀)ကြာ ဆိုင်းငံ့ထားရန် အခွင့်အာဏာ ပေးလိုက်သည်- § 38-38-102 (ပြန်ရွေးရန် အသိပေးစာနှင့် ရောင်းလိုအားကို အသိပေးမှတ်တမ်းတင်ရန် နောက်ဆုံး သက်မှတ်ရက်နှင့် သက်ဆိုင်သော); § 38-38-103 (ပေါင်းစပ်ထားသော အသိပေးစာ ပေးပို့ရန် နောက်ဆုံး သတ်မှတ်ရက်နှင့် သက်ဆိုင်သော); § 38- 38-104 (ပြန်လည် ကုစားရန် ရည်ရွယ်ကြောင်း အသိပေးစာတင်ရန် နောက်ဆုံးနေ့၊ ယုံကြည်အပ်နှံမှု ဌာနမှ အသိပေးစာအား မှတ်စုကိုင်ဆိုင်သူ သို့မဟုတ် ၎င်း၏ ရှေ့နေထံသို့ စာပို့ရမည့် အချိန်၊ ကုစားရန် ရန်ပုံငွေ တင်ဒါများအတွက် နောက်ဆုံး သတ်မှတ်ရက်နှင့် သက်ဆိုင်သော); § 38-38-302 (တင်ဒါ ရန်ပုံငွေများ ရွေးနုတ်ရန် နောက်ဆုံး သတ်မှတ်ရက်နှင့် သက်ဆိုင်သော); နှင့် § 38-38-501 (အတည်ပြု လက်မှတ်ကို ရေးထိုးရန်နှင့် အတည်ပြုရန် နောက်ဆုံး သတ်မှတ်ရက်နှင့် သက်ဆိုင်သော)။ အဆိုပါ ပြဋ္ဌာန်းချက် ဆိုင်းငံ့မှုများကို သက်တမ်းတိုးခြင်းနှင့် ပတ်သက်ပြီး ပြည်သူ့ ယုံကြည်အပ်နှံမှု ဌာန၏ လုပ်ဆောင်ချက်များကို ယုံကြည်အပ်နှံမှုဌာန Trustee ၏ ဝဘ်ဆိုဒ်၊ အီးမေးလ်(ဖြစ်နိုင်လျှင်)နှင့် အလိုအလျောက် မက်ဆေ့ချ်များဖြင့် ရရှိနိုင်မည်။

I. ကော်လိုရာဒို ပြည်နယ်၏ ကောင်တီ ဘဏ္ဍာရေးဌာနအား § 39-10-104.5 ပြဋ္ဌာန်းချက် နှင့်အညီ ဒဏ်ငွေခွန် ပေးဆောင်မှု ရလဒ်များကို ပေါ်ပေါက်စေနိုင်သည့် ဒဏ်ငွေခွန်ကို ဆိုင်းငံ့ရန် သို့မဟုတ် ပယ်ဖျက်ရန် အခွင့်အာဏာ ပေးအပ်လိုက်သည်။ ကောင်တီ ဘဏ္ဍာရေးဌာန၏ အဆိုပါ လုပ်ဆောင်ချက်များနှင့် ဘဏ္ဍာရေးဌာန၏ ဝဘ်ဆိုဒ်၊ အီးမေးလ်(ဖြစ်နိုင်လျှင်)နှင့် အလိုအလျောက် မက်ဆေ့ချ်များဖြင့် ရရှိနိုင်မည်။

J. ဤအလုပ်အမှုဆောင်အမိန့်တွင် “ဝင်ငွေနိမ့် အိမ်ထောင်စုများ” သည် ဧရိယာအတွင်း ပျမ်းမျှဝင်ငွေ၏ ၅၀% အောက်ရှိ အိမ်ထောင်စုများကို ဆိုလိုသည်။

K. ဤအမှုဆောင်အမိန့်တွင် ငှားရမ်းသူမှ ငှားရမ်းခ ပေးချေမှုမှ ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် အိမ်ရှင်မှ ရရန်ရှိသော ငှားရမ်းခကို တောင်းရမ်းပိုင်ခွင့်ကို ကန့်သတ်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် ပြည်သူ့ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များ သို့မဟုတ် အခြား ဥပဒေရေးရာ လိုအပ်ချက်များကို လိုက်နာမှု မရှိခြင်းတို့အပေါ် ညွှန်ကြားထားခြင်း မရှိပါ။

## III. <u>ရေ၊ မီး၊ လျှပ်စစ် ညွှန်ကြားချက်များ</u>

A. COVID-19 ကြောင့် ထိခိုက်နစ်နာရခြင်းနှင့် သက်ဆိုင်သော အသေးစား စီးပွားရေး လုပ်ငန်းများနှင့် လူနေအိမ်များ၏ ငွေပေးချေမှုများ နှောင့်နှေးခြင်း သို့မဟုတ် ပျက်ကွက်ခြင်းတို့အတွက် ရေ၊ မီး၊ လျှပ်စစ် အစရှိသည်တို့ကို ဖြတ်တောက်ခြင်းမှ ရပ်ဆိုင်းရန် ပြည်သူ့ရေ၊ မီး၊ လျှပ်စစ် ကော်မရှင် (PUC) များကို ညွှန်ကြားခဲ့သည်။

B. COVID-19 ၏ ထိခိုက်နစ်နာစေမှုကြောင့် ဝန်ထုပ်ဝန်ပိုး အများဆုံးဖြစ်သည့် လူနေအိမ်ရှိ သုံးစွဲသူများနှင့် အသေးစားစီးပွားရေး လုပ်ငန်းရှိ သုံးစွဲသူများအတွက် ပြန်လည်ချိတ်ဆက်ခြင်းနှင့် နောက်ကျကြေးများကို ရပ်ဆိုင်းရန်နှင့် COVID-19 ၏သက်ရောက်မှုများနှင့် သက်ဆိုင်သော လတ်တလော ငွေပေးချေမှု မပြုလုပ်နိုင်သောကြောင့် ရေ၊ မီး ပြတ်တောက်ခံရသည့် သုံးစွဲသူများအတွက် ဝန်ဆောင်မှု ပြန်လည် ပေးအပ်ရန် ကျိုးကြောင်းဆီလျော်သော ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ရန် PUC ကို ထပ်မံ၍ ညွှန်ကြားခဲ့သည်။

C. COVID-19 ၏ သက်ရောက်မှုများနှင့် ဆက်နွယ်သော ရေမီး အခွန်အခ များကို ပေးချေရန် ဝင်ငွေနိမ့် စွမ်းအင် အထောက်အပံ့ အစီအစဉ်အတွက် အရည်အချင်း ပြည့်မီသော သုံးစွဲသူများကို ကူညီနိုင်ရန် အလို့ငှာ ငွေပေးချေမှု အကူအညီ အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရန် အများပြည်သူဆိုင်ရာ ရေ၊ မီး၊ လျှပ်စစ် ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် PUC ကိုဆက်လက် ညွှန်ကြားခဲ့သည်။

D. ငွေပေးချေမှုကို မည်သို့ဦးစားပေး အကူအညီ ပေးအပ်နိုင်ကြောင်း အများပြည်သူဆိုင်ရာ ရေ၊ မီး၊ လျှပ်စစ် ဌာနများကို လမ်းညွှန်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်ရန် PUC ကိုဆက်လက် ညွှန်ကြားခဲ့သည်။ ထို့အပြင် PUC သည် အမှုဆောင်အမိန့်အရ အများပြည်သူသုံး ရေ၊ မီး၊ လျှပ်စစ် ဌာနများမှ ပြည်နယ်တစ်ဝှမ်း အကောင်အထည် ဖော်မှုများအပေါ် ဒေတာ အချက်အလက်များကို စောင့်ကြည့် စုဆောင်းပြီး အပတ်စဉ် အုပ်ချုပ်ရေးမှူးရုံးသို့ အစီရင်ခံတင်ပြပြီး PUC ၏ ဝဘ်ဆိုဒ်ပေါ်တွင် တင်သွင်းရမည်။

E. ကျွန်ုပ်သည် ကော်လိုရာဒို စွမ်းအင်ရုံးအား COVID-19 နှင့်သက်ဆိုင်သော သက်ရောက်မှုများကို အကဲဖြတ်နိုင်ရန်အတွက် ပြည်နယ်တစ်ဝှမ်းရှိ ပရိုပိန်းအပူပေးသည့် ပံ့ပိုးသူလုပ်ငန်းရှင်များ၊ ကုန်သွယ်ရေးအသင်းအဖွဲ့များနှင့် စားသုံးသူများနှင့်အတူ ပူးပေါင်း လုပ်ဆောင်ပြီး COVID-19 နှင့်သက်ဆိုင်သော သက်ရောက်မှုများကို လျော့ပါးစေရန် သက်ဆိုင်ရာအကြံပြုချက်များကို အုပ်ချုပ်ရေးမှူးရုံးသို့အစီရင်ခံရန် ညွှန်ကြားထားသည်။

F. ဤအမှုဆောင်အမိန့်တွင် "အသေးစား စီးပွားရေးလုပ်ငန်း သုံးစွဲသူများ"ဟူသည်မှာ PUC သို့မဟုတ် အများပြည်သူသုံး ရေ၊ မီး၊ လျှပ်စစ် သုံးစွဲသူ အသေးစား စီးပွားရေး လုပ်ငန်းရှင် သို့မဟုတ် အသေးစား စီးပွားဖြစ် သုံးစွဲသူ ကဏ္ဍတွင် ပါဝင်သည့် ရေ၊ မီးခွန်ပေးဆောင်ရမည့် သုံးစွဲသူကို ဆိုလိုသည်။

G. "အများပြည်သူသုံး ရေ၊ မီး၊ လျှပ်စစ် ဝန်ဆောင်မှု" သို့မဟုတ် "အများပြည်သူသုံး ရေ၊ မီး၊ လျှပ်စစ် ဝန်ဆောင်မှုများ" ဆိုသည်မှာ ကော်လိုရာဒို ပြည်နယ်အတွင်းရှိ လျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် ရေဝန်ဆောင်မှုပေးသည့် ရင်းနှီးမြှုပ်နှံသူက ပိုင်ဆိုင်သော၊ စည်ပင်သာယာ၊ သို့မဟုတ် သမဝါယမ အဖွဲ့အစည်းကို ဆိုလိုသည်။

## IV. <u>အလုပ်လက်မဲ့ အာမခံ ညွှန်ကြားချက်များ</u>

A. ပြည်နယ်၏စီးပွားရေး တည်ငြိမ်မှုကိုမြှင့်တင်ရန် အလုပ်လက်မဲ့အာမခံ (UI) အကျိုးခံစားခွင့် လျှောက်ထားသူများအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများကို တိုးတက်စေရန်နှင့် သဘာဝဘေးအန္တရာယ် အရေးပေါ် ရန်ပုံငွေမှ ဒေါ်လာတစ်သိန်း (ဒေါ်လာ ၁၀၀၀,၀၀၀) ကို CDLE သို့ လွှဲပြောင်းပေးရန် အမိန့်ထုတ်ပြန်လိုက်သည်။ ဤရန်ပုံငွေများသည် ဤရည်ရွယ်ချက်အတွက် ဤအမှုဆောင်အမိန့် ထုတ်ပြန်သည့် နေ့မှစ၍ (၆) လအထိ အသုံးပြုနိုင်မည်ဖြစ်ပြီး အသုံးမပြုရသေးသော ရန်ပုံငွေများကို သဘာဝဘေးအန္တရာယ် အရေးပေါ်ရန်ပုံငွေတွင် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ဖက်ဒရယ် အစိုးရမှပြန်လည်ပေးအပ်သော ရန်ပုံငွေများကို ဘေးအန္တရာယ်အရေးပေါ်ရန်ပုံငွေသို့ ပြန်လည်ပေးအပ်မည်။

B. COVID-19 ၏သက်ရောက်မှုများကြောင့် ရွှေ့ပြောင်း အလုပ်သမားများသည် ၎င်းတို့၏ ဖြည့်စွက်ထားသော လျှောက်လွှာများကို တင်ပြသည့်နေ့မှ ၁၀ ရက်အတွင်း လက်ခံရရှိနိုင်စေရန် အလို့ငှာ CDLE သည် UI ၏အကျိုးခံစားခွင့်ဆိုင်ရာ တောင်းဆိုမှုများကို ပေးချေခြင်းနှင့် ငွေပေးချေမှုကို ဖြန့်ဝေခြင်းတို့ကို မြန်ဆန်စေပါမည်။

C. IV.A. နှင့် IV.B.၏ ညွှန်ကြားချက်များကို ဆောင်ရွက်နိုင်ရန် အောက်ပါ လိုအပ်ချက်များကို ရပ်ဆိုင်းလိုက်သည်-

i. UI အကျိုးခံစားခွင့် လက်ခံသူများသည် အကျိုးခံစားခွင့်များ လက်ခံရယူခြင်း မပြုမီ စောင့်ဆိုင်းအပတ်များအတွက် C.R.S. § 8-73-107(1)(d) နှင့် UI အကျိုးခံစားခွင့် လက်ခံသူများသည် တက်ကြွစွာ အလုပ်လုပ်ရန် ရှာဖွေနေသူ ဖြစ်ရမည့် C.R.S. § 8-73-107(1)(g)(I)

ii. UI အကျိုးခံစားခွင့် လက်ခံသူများသည် အလုပ်ရှင် အတွေ့အကြုံ အဆင့်သတ်မှတ်ချက် အကောင့်များနှင့် ချိတ်ဆက် ကောက်ခံသည့် C.R.S. § 8-73-108(e) အတွက် အလုပ်လက်မဲ့ အာမခံဌာနမှတစ်ဆင့် CDLE ကို COVID-19 ကြောင့် ဖြစ်ပွားသည့် တောင်းခံချက်များကို အလုပ်ရှင် အတွေ့အကြုံ အဆင့်သတ်မှတ်ချက် အကောင့်များနှင့် ချိတ်ဆက် ကောက်ခံခြင်းမပြုဘဲ ရန်ပုံငွေမှ ကောက်ခံသွားရန် ညွှန်ကြားထားသည်။

iii. C.R.S. § 8-74-102(1) အရ CDLE ဝန်ထမ်းများသည် UI အကျိုးခံစားခွင့် တောင်းခံလွှာကို လက်ခံရရှိပြီး စိတ်ဝင်စားသည့် ပါတီအား CDLE မှအကျိုးခံစားခွင့် ပေးအပ်ရန် ဆုံးဖြတ်ချက်ကို တုံ့ပြန်ခြင်း မပြုမီ တစ်ဆယ့်နှစ်ရက် (၁၂) စောင့်ဆိုင်းရန် လိုအပ်သည်။ သို့ဖြစ်ရာ COVID-19 အကျိုးသက်ရောက်မှုများကြောင့်

ဖြစ်ပေါ်လာသော UI အကျိုးခံစားခွင့် ပေးချေမှုများကို ဦးစားပေး ဆောင်ရွက်ရန်နှင့် စိတ်ဝင်စားသည့် ပါတီများကို အကြောင်းကြားခြင်း မပြုမီနှင့် အကျိုးခံစားခွင့်များကို ပေးအပ်ရန် လိုအပ်သည့် အချက်အလက်များကို ရှာဖွေခြင်းကို မြန်ဆန်စေရန် ကျွန်ုပ်သည် အလုပ်လက်မဲ့ အာမခံဌာနခွဲမှတစ်ဆင့် CDLE ကိုညွှန်ကြားခဲ့သည်။

iv. C.R.S. § 8-74-102(1) တွင် ပံ့ပိုးထားသည် အာဏာအရ ယခု အလုပ်အမှုဆောင် အမိန့်၏ IV.A - IV.C. အရ CDLE ၏ အမှုဆောင် ဒါရိုက်တာသည် ညွှန်ကြားချက်များကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် အရေးပေါ် စည်းမျဉ်းများကို လိုအပ်သလို ထုတ်ပြန်ကြေငြာရမည်။

## V. <u>ကာလ</u>

ဤအမှုဆောင်အမိန့်သည် 2020 ခုနှစ်၊ မတ်လ 20 ရက်နေ့မှ စတင်ပြီး ရက်ပေါင်း သုံးဆယ်(30) ကြာပြီးနောက် အပိုဒ် II.C. နှင့် IV.A. တွင်ဖော်ပြထားခဲ့သည့် ဤအမှုဆောင်အမိန့်ရက်စွဲ၏ နောက်ထပ် ခြောက်(6)လအထိ ဖော်ပြ ထားပြီးသော ရည်ရွယ်ချက်များအတွက် ဆက်လက်ရရှိနိုင်မည့် ရန်ပုံငွေများမှလွဲ၍ နောက်ထပ် အမှုဆောင်အမိန့်ဖြင့် သက်တမ်းတိုးခဲ့ခြင်းမရှိခဲ့သော် သက်တမ်းကုန်ဆုံးလိမ့်မည်။

အောက်ဖော်ပြပါ ကျွန်ုပ်၏ လက်မှတ်နှင့် ကော်လိုရာဒို ပြည်နယ် တံဆိပ်ဖြင့် 2020 ခုနှစ်၊ မတ်လ 20 ရက်နေ့တွင် အမိန့် ချမှတ်လိုက်သည်။

Jared Polis

Jared Polis
အုပ်ချုပ်ရေးမှူး